# Visa On Arrival ဆိုက်ရောက်ဗီဇာ လျှောက်ထားသူများ အတွက် စည်းကမ်းသတ်မှတ်ချက်များ

(၁) မည်သည့်နိုင်ငံသားကို ဖြစ်စေ သက်ဆိုင်ရာနိုင်ငံမှ တရားဝင် ထုတ်ပေးထားသည့် သာမာန် နိုင်ငံကူး လက်မှတ် ကိုင်ဆောင်သူတိုင်းကို ကန့်သတ်ထားသည့် စည်းမျဉ်းနှင့် ညီညွတ်လျှင် Visa On Arrival ထုတ်ပေးပါမည်။

(၂) ဆိုက်ရောက်ကမ္ဘာလှည့်ဗီဇာ လျှောက်ထားသူ၏ Passport သက်တမ်းသည် ရောက်ရှိသည့်နေ့၏ နောက်ပိုင်း အနည်းဆုံး (၆)လ သက်တမ်းရှိရပါမည်။

(၃) ဆိုက်ရောက်ကမ္ဘာလှည့်ဗီဇာ အတွက် ဗီဇာကြေး US$30 ကောက်ခံပြီး ၂၈ ရက် နေခွင့်ပေးမည်။ နေခွင့်သက်တမ်း တိုးမြှင့် လျှောက်ထားခြင်း ကို ခွင့်မပြုပါ။

(၄) ဆိုက်ရောက်လုပ်ငန်းဗီဇာ အတွက် ဗီဇာကြေး US$40 ကောက်ခံပြီး ၇၀ ရက် နေခွင့်ပေးမည်။ နေခွင့်တိုးမြှင့် လျှောက်ထား နိုင်ပါသည်။

(၅) ဆိုက်ရောက်ပြည်ဝင်ဗီဇာ (လူမှုရေးအလည်အပတ်) အတွက် ဗီဇာကြေး US$40 ကောက်ခံပြီး (၂၈) ရက်နေခွင့်ပေးမည်။ နေခွင့်အားတိုးမြှင့် လျှောက်ထား နိုင်ပါသည်။

(၆) ဆိုက်ရောက်ဖြတ်သန်းခွင့်ဗီဇာ အတွက် ဗီဇာကြေး US$18 ကောက်ခံပြီး ၂၄ နာရီ နေခွင့်ပေးပါမည်။

(၇) မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာရန် အပြန်ခရီးအတွက် လေယာဉ်လက်မှတ်ပါရှိရမည်။

(၈) မြန်မာနိုင်ငံအစိုးရမှ တရားဝင် အသိအမှတ်ပြု လိုင်စင်ထုတ်ပေးထားသည့် ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများတွင် နေထိုင်လည်ပတ်မည့်သူ ဖြစ်ရမည်။ တည်းခိုမည့် လိပ်စာကို အတိအကျ ဖော်ပြရပါမည်။

(၉) ဆွေမျိုးများ၊ မိတ်ဆွေများ၏နေအိမ်များ၊ စက်ရုံအလုပ်ရုံ အပါအဝင် တည်းခိုရန် နေရာရှိသူများ အနေဖြင့် လက်ခံမည့်သူ၏ လိပ်စာကို အတိအကျ ဖော်ပြရပါမည်။

(၁၀) လွန်ခဲ့သည့် (၆)လအတွင်းက ရိုက်ကူးထားသည့် ၄ X ၆ စင်တီမီတာရှိ ဓါတ်ပုံ (၂) ပုံ အသင့် ကြိုတင် ယူဆောင် လာရပါမည်။

(၁၁) မြန်မာနိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေး ဥပဒေအပါအဝင် တည်ဆဲ ဥပဒေအားလုံးကို တိကျစွာ လိုက်နာနိုင်ကြောင်း ဝန်ခံကတိပြုသူ ဖြစ်ရပါမည်။

(၁၂) မိဘ၏နိုင်ငံကူး လက်မှတ်၌ ပူးတွဲပါရှိသော အသက် (၇) နှစ်အောက် ကလေးများကို မိဘနှင့်အတူ အခမဲ့ ခွင့်ပြုရမည်။ သီးခြား Passport ကိုင်ဆောင်သူ အသက် (၇) နှစ်အောက် ကလေးများကို ဗီဇာကြေး (အခမဲ့) ခွင့်ပြုရပါမည်။

(၁၃) တစ်ဦးချင်း လာရောက်လည်ပတ်သူ ဖြစ်ပါက ကိုယ်ပိုင်ငွေ အနဲဆုံး US$(300) ပါရှိကြောင်း တင်ပြနိုင်ရမည်။ မိသားစု အလည်အပတ် လာရောက်ခြင်း ဖြစ်ပါက အနည်းဆုံး US$(600) ပါရှိကြောင်း တင်ပြနိုင်ရမည်။ သို့မဟုတ် US$ နှင့် တန်ဘိုးညီမျှသော နိုင်ငံခြားသုံးငွေကို တင်ပြနိုင်ရပါမည်။

(၁၄) မြန်မာနိုင်ငံ၏ တည်ဆဲဖြစ်သော ဗီဇာစည်းကမ်းချက် နှင့် အညီ နေထိုင်လည်ပတ်ရပါမည်။

(၁၅) ခွင့်ပြုချက်မရှိသော ကန့်သတ်နယ်မြေများကို သွားရောက်ခြင်း မပြုရပါ။

(၁၆) မြန်မာနိုင်ငံအတွင်း ရောက်ရှိလည်ပတ်သွားလာနေစဉ် ညအိပ်ရောက်ရှိ ရပ်နားနေသည့် လိပ်စာကို တည်းခိုရာ ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း၊ နေအိမ်၊ ရုံးခန်း မှ တဆင့် သက်ဆိုင်ရာ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနသို့ သတင်းပို့ တင်ပြရပါမည်။

(၁၇) Visa On Arrival လျှောက်လွှာပုံစံကို လေကြောင်းလိုင်းများတွင် လည်းကောင်း၊ မြန်မာသံရုံး၊ တိုကျို၏ ဝက်ဆိုဒ်မှ PDF ဖြင့် http://www.myanmar-embassy-tokyo.net/visaforms/voa.pdf တွင် လည်းကောင်း Excel ဖြင့် http://www.myanmar-embassy-tokyo.net/visaforms/voa.xls တွင် လည်းကောင်း ကြိုတင်ရယူ ဖြည့်စွက်ပြီး တင်ပြ လျှောက်ထားနိုင်ပါသည်။

# Information on “Visa on Arrival”

1. As of 1 May 2010, Myanmar has lunched “Visa on Arrival” at the International Airports in Yangon and Mandalay.
2. Visa on Arrival will be granted to those with Passport, which has validity of six months.
3. Tourist Visa on Arrival fee is 30 US dollars and would be valid for 28 days. It can not be extended for further stay in Myanmar.
4. Business Visa on Arrival fee is 40 US dollars and would be valid for 70 days. It can be extended.
5. Social Visa on Arrival fee is 40 US dollars and would be valid for 28 days. It can be extended.
6. Transit Visa on Arrival fee is 18 US dollars and would be allowed to stay in Myanmar for 24 hours.
7. The applicant must present his/her return ticket upon application for Visa on Arrival.
8. The applicant will need to provide two recent photographs (4 cm X 6 cm) for visa application.
9. Children under the age of seven, who are included in their parents' Passport or holding their own, will be exempted from visa fees.
10. The applicant should provide detailed information on his/her accommodation during his/her stay in Myanmar.
11. Individual applicant shall declare US dollar 300 or equivalent foreign currency to cover his/her duration of stay in Myanmar.
12. Family visit applicant shall also declare US dollars 600 or equivalent foreign currency in this regard.
13. The applicant shall abide by the prevailing Laws of the Union of Myanmar including the Immigration Law.
14. The applicant shall also abide by the prevailing Visa Regulations and refrain from visiting restricted areas.
15. **“Visa on Arrival Application Form”** can be downloaded at:

    http://www.myanmar-embassy-tokyo.net/visaforms/voa.pdf (PDF)
    http://www.myanmar-embassy-tokyo.net/visaforms/voa.xls (MS-Excel)